နောက်ဆက်တွဲ(က)

## လွယ်ခမ်းလုံသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ လွယ်ခမ်းလုံသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်၊ နားယောင်းကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော (SETCL-11)လုပ်ကွက်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၂၈-၄-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ဖ၀၅/ ရွှေဖက်စပ် (လွယ်ခမ်းလုံ)/ ၂၀ ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း North Pole Myanmar GIS Survey Company Co., Ltd. မှ ပြုစုပြီး အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးလောဒါး၊ မန်နေးဂျင်းဒါရိုက်တာ၊ လွယ်ခမ်းလုံတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၊ အမှတ် (၀၇၇)၊ ပါလျှံ(၂)၊ ရန်အောင်မြေရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဖုန်း-၀၉ ၄၃၁၃၆၄၉၁ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ဟင်းလင်းဖွင့် သတ္တုတူးဖော်နည်းစနစ်ကို အသုံးပြုမည်ဖြစ်ကြောင်း၊ ရွှေပါဝင်ကျောက်များကို ရွှေချက်ကန်အတွင်း ထည့်သွင်း၍ ဓာတ်ပြုမှုလွယ်ကူစေရေး ထုံးမှုန့်($CaCO_3$) ဦးစွာရောနှောထားရှိပြီး ရေနှင့်အတူ ဆိုဒီယမ်ဆိုင်ယာနိုဒ်ဓာတုဆေးကို လိုအပ်မည့်အချိုးအစားထည့်ပြီး ပျော်ဝင်ရည်ပြုလုပ်၍ ရွှေပါဝင်ကျောက်များစုပုံထားရှိရာသို့ ရေပန်းစနစ်ဖြင့် ဖျန်းပေးခြင်း၊ လုံလောက်သည့် သတ္တုပျော်ဝင်မှုကို တိုင်းတာရရှိသည့်အချိန်တွင် နောက်ထပ်ရေလှောင်ကန်တစ်ခုသို့ သတ္တုပျော်ဝင်ရည်ကို ရေပန့်အသုံးပြုကာ ပို့ဆောင်ပြီး ပုံဆောင်မီးသွေးများပါရှိသော ဆလင်ဒါပုံ Carbon အိုးများဆီသို့ သတ္တုပျော်ရည်များဖြတ်သန်းစီးဆင်းစေခြင်းတို့ကို ရေလည်ပတ်မှုစနစ်အသုံးပြုပြီး ရွှေပါပျော်ရည်ကို မီးသွေးတုံးကလေးများမှ စုပ်ယူထားရှိခြင်းဖြင့် ရွှေစတင်ဖမ်းယူသွားမည်ဖြစ်ကြောင်း၊ ဓာတုဆေးအာနိသင်နှင့် ရွှေပါဝင်မှုနှုန်းနည်းပါးမည့်အချိန်တွင် ကာဗွန်အိုးများ ဖြုတ်ယူကာ ၎င်းအတွင်းမှ မီးသွေးတုံးများကို အခိုးထွက်ပေါက်ပါရှိသော ဆလင်ဒါပုံသံလုံအိုးတွင် ပြာကျသည်အထိ မီးပြင်းတိုက်ကာ လှော်ခြင်းဖြင့် ရရှိလာသောပြာများကို ခဲအနည်းငယ်ရော၍ လုံအိုးတွင်ထည့်ပြီး မီးပြင်းတိုက်ခြင်းပြုလုပ်၍ ရွှေကြမ်း(၈၀-၈၅%)ကို ရရှိစေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ပလေစာရွှေသတ္တုအမျိုးအစားအသုံးပြုမည်ဖြစ်ကြောင်း၊ ဆက်စပ်အသုံးပြုရသော ကုန်ကြမ်းများမှာ ထုတ်ယူမည့်

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** လေအရည်အသွေး ကျဆင်းခြင်းနှင့်ပတ်သက်၍ လျှော့ချမည့်နည်းလမ်းများအနေဖြင့် အခိုးအငွေ့လျှော့ပါးစေရေး အိတ်ဇောပိုက်တပ်ဆင်ခြင်း၊ စက်ဆီချောဆီများ ဖြည့်စွက်ခြင်း၊ ဆိုင်ယာနိုဒ်အသုံးပြုချိန်တွင် အတွေ့အကြုံရှိသော ဝန်ထမ်းအား အနီးကပ်ကြီးကြပ်စေပြီး PPE များ ဝတ်ဆင်စေခြင်း၊ ကာဗွန်မီးဖုတ်ရာတွင် အခိုးအငွေ့ထွက်ပေါက်ကို ပိုက်ပျော့ဖြင့်ချိတ်ဆက်ပြီး ရေထည့်ထားသော ကန်(သို့) ဇလုံထဲမှတစ်ဆင့် ဖြတ်သန်းရောက်ရှိစေခြင်းဖြင့် အခိုးသတ်စေခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေး ထိခိုက်မှုလျော့နည်းစေရေး အထွေထွေသုံးရေနှင့် စွန့်ပစ်ရေတို့အား အပတ်စဉ် pH တိုင်းတာခြင်း၊ အသုံးမပြုမည့်စွန့်ပစ်ရေများကို ချောင်းရေညစ်ညမ်းမှုမရှိစေရေး နုန်းတာတမံ(သို့) ၁၀x၁၀x၅ ကုဗပေရှိ ကွန်ကရစ်အမျိုးအစားရှိသော နှံ့စစ်ကန်ထားရှိပြီး ရွှံ့နှံ့များ အနည်ထိုင်စေခြင်း၊ ပိုလျှံထွက်ရှိလာသော နောက်ကျိရေအား ထုံး(၂)အိတ်၊ ကျောက်ချဉ်(၂)ပိဿာခန့် ရောနှောထားသော ဒုတိယအနည်စစ်ကန် (၁၀'x၁၀'x၅')သို့ ရောက်ရှိစေပြီး နမ့်ခမ်းချောင်းနှင့်ဒေသခံတို့အပေါ် ထိခိုက်မှုမရှိစေရေး လုပ်ဆောင်ပြီးမှသာ စွန့်ထုတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** မြေအရည်အသွေးကျဆင်းခြင်းအတွက် လျှော့ချမည့်နည်းလမ်းများအနေဖြင့် သတ္တုထုတ်ယူခြင်းမှ ထွက်ရှိလာသော စွန့်ပစ်မြေစာစရစ်ဖြူးကျောက်များ၊ စွန့်ပစ်အနည်ထိုင်ကန်မှ အနည်နှစ်များကို လုပ်ကွက်ဝန်းကျင်တွင် တောင်ကုန်းအစားထိုး ပုံစံပြုလုပ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် ရေတိုက်စားခြင်းများမရှိစေရေး မြေထိန်းနံရံများ၊ တုတ်များဖြင့်ပြုလုပ်၍ အပေါ်ယံမြေဆီလွှာ ထည့်သွင်းပြီး သစ်ပင်များစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) **ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှု။** ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်သုံးမီးစက်၊ အင်ဂျင်စက်များ၏ အသံဆူညံမှုလျှော့ချစေရေး အိတ်ဇောပိုက်များတပ်ဆင်ခြင်း၊ စက်ဆီချောဆီများ ပုံမှန်လဲလှယ်ကြံခိုင်ရေးပြုလုပ်ခြင်း၊ အကာအရံအလုံပိတ်အခန်းများတွင် ထားရှိခြင်း၊ နားကြပ်များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဆ) **ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအစီအစဉ်။** ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ လျှော့ချမည့်နည်းလမ်းအနေဖြင့် လောင်စာဆီများကို လှောင်ကန်များဖြင့်

